**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၅၂ ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၆–၅–၂၀၁၅ ] ( အင်္ဂါနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၏ **ကျေးလက်နေ တောင်သူလယ်သမားများ လုပ်ငန်းရာသီအချိန်တိုင်း ပိုးထိသေဆုံးရခြင်းများကို ကာကွယ်ပေးရန်အတွက် မည်သို့ စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပအကူအညီများဖြင့် ဤကိစ္စအတွက် ကူညီထောက်ပံ့နေမှုများကို မည်သို့ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **ရွှေမင်းဝံရပ်ကွက်ရှိ မြေနေရာ အကျယ်အဝန်းနှင့်တကွ ဆေးရုံအဆောက်အဦပါ အသင့်ရှိပြီးဖြစ်သော လူနာ(၁၆)ခုတင်ဆံ့ ဒေသန္တရဆေးရုံကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ ပြည်သူ့အားကစားကွင်း ဘောလုံးပွဲ ကြည့်စင်အား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ချင်းပြည်နယ်ရှိ ခရိုင်မြို့များတွင် ကညနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြသိန်း၊ မုဒုံ မဲဆန္ဒနယ်၏ **မော်လမြိုင်မြို့နှင့် ရေး ရထားလမ်းတွင် ဂျပန်မှအထူးတွဲများ ပြေးဆွဲရန်နှင့် ရထားလမ်းများကို ခေတ်မီအောင် ပြင်ဆင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေး စုံစမ်းရေးကော်မရှင် အဖွဲ့ခွဲ(၁)၏ မြေသိမ်း နစ်နာမှု တိုင်ကြားစာ(၁၅၀၁)စောင်အနက် မည်မျှဖြေရှင်းပြီး၍ မည်မျှ ကျန်သေးသည်ကို သိလိုခြင်းနှင့် ဖြေရှင်းဆောင်ရွက်မှု အခြေအနေအား ယင်းကော်မရှင်သို့ ပြန်ကြားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **ညောင်ရွှေမြို့ ရဲစခန်းမှ အပိုင်ယူထားသော လမ်းနယ်မြေအား မည်သည့်အချိန်တွင် ပြန်လည်ဖော်ထုတ်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော **"အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။